

# ပညာသင်ဆက်နိုင်မည့်

## လမ်းညွှန်မှု သို့မဟုတ် လမ်းကြောင်းများ

WWW.MAPFOUNDATIONCM.ORG



MAP@MAPFOUNDATIONCM.ORG @MAPFOUNDATION +66 53 328 134

9/34 MOO 1 ING DOI VILLAGE LIAB KLONG CHONPRATHAN ROAD, CHANG PHUEAK SUBDISTRICT, MUEANG DISTRICT, CHIANG MAI 50300 THAILAND


# ပညာသင်ဆက်နိုင်မည့် လမ်းညွှန်မှု သို့မဟုတ် လမ်းကြောင်းများ




| | | |
|---|---|---|
| 1 | ပညာသင်ဆက်နိုင်မည့် လမ်းညွှန်မှု သို့မဟုတ် လမ်းကြောင်းများ | 1 |
| 2 | ပညာရေးအစီအစဉ် - မူလတန်းပညာရေး (6 နှစ်) သင်ကြားပြီးသောအခါ | 2 |
| 3 | ကျောင်းပညာရေးစနစ်ပြင်ပ ဆက်လက်လေ့လာသင် ယူရန်လမ်းကြောင်း (ကော်စော်နော်) | 3-4 |
| 4 | ကျောင်းပညာရေးစနစ်ပြင်ပ ဆက်လက်လေ့လာသင်ယူရန် လမ်းကြောင်း (ကော်စော်နော်) | 5 |
| 5 | အသက်မွေးဝမ်းကြောင်းနှင့် ဆက်နွှယ်သည့် ပညာရေးလမ်းကြောင်း | 6-8 |
| 6 | အလုပ်အကိုင်ဆိုင်ရာ(အလုပ်သင်) သင်ကြားသည့်ကျောင်းများ တွင် ဆက်လက်လေ့လာနိုင်သည့် ပညာရေးလမ်းကြောင်း | 9 |
| 7 | ပုံမှန်ပညာရေးဆက်လက်လေ့လာနိုင်သည့်လမ်းကြောင်း | 10-11 |
| 8 | အထွေထွေပညာရေးကျောင်းများအတွက် ပညာရေးလမ်းကြောင်း | 12 |
| 9 | သင်ယူဖို့သင့်တော်သည့် ပုဂ္ဂိုလ်ရေးလက္ခဏာများနှင့် ပုံမှန် (အထွေထွေ)သင်ရိုးစဉ် နှင့် အသက်မွေးဝမ်းကြောင်း (အလုပ်အကိုင်) လက္ခဏာ | 14-15 |
| 10 | သင်ယူမှုပုံစံကွဲပြားခြားနားခြင်း/ သင်ရိုးညွှန်း | 16-17 |
| 11 | အဆင့်မြင့်ပညာဆက်လက်သင်ယူရန် အခွင့်အလမ်း | 18-19 |
| 12 | လေ့လာခြင်းမှ ရရှိသော အရည်အချင်းများ | 20-21 |
| 13 | အသက်မွေး ဝမ်းကြောင်းအတွက် အခွင့်အလမ်းများ | 22-23 |
| 14 | ပညာရေးကုန်ကျစာရိတ် | 24 |
| 15 | လူမှုအသိုင်းအဝိုင်းထဲတွင် ရုပ်ပုံဖော်ဆောင်ချက်နှင့် လူထု အမြင်/သဘောထား | 25-26 |
| 16 | အသက်မွေးဝမ်းကြောင်းနှင့် ဆက်နွှယ်သည့်ပညာ ရေးလမ်းကြောင်း | 27 |
| 17 | ပုံမှန်ပညာရေးဆက်လက်လေ့လာနိုင်သည့်လမ်း ကြောင်း | 28 |

# 1. ပညာသင်ဆက်နိုင်မည့် လမ်းညွှန်မှု သို့မဟုတ် လမ်းကြောင်းများ

## 9 တန်း




## (မော်ဆာမ်) အောင်မြင်ပြီးနောက် အကောင်းဆုံးလမ်းကဘာလဲ။

အလယ်တန်းအဆင့်ပညာသင်ယူနေကြသည့် ညီငယ်၊ ညီမငယ်တို့အနေဖြင့် မိမိကိုယ်ကို ပြန်မေးသည့် မေးခွန်းများစွာရှိကောင်းရှိနိုင်မည် သို့မဟုတ် ဆရာ/မ၊ အုပ်ထိန်းသူ၊ သူငယ်ချင်းများ သို့မဟုတ် ပတ်ဝန်းကျင်ရှိ အခြားလူကြီးများက မိမိတို့အား ၉ တန်း (မော်ဆာမ်) အောင်မြင်ပြီးနောက် ပညာရေးနှင့်ပတ်သက်ပြီး ဘယ်လိုစီစဉ်ချမှတ်ထားသလဲဆိုသည့် မေးခွန်း မေးမြန်းခြင်းခံရနိုင်သည်၊ ဤမေးခွန်းသည် အရေးပါလွန်းလှသည့်မေးခွန်းဖြစ်သည်၊ ဘာကြောင့်လဲဆိုတော့ ညီငယ်၊ညီမငယ်တို့၏ အနာဂါတ်အတွက် အောင်မြင်မှု လမ်းပြမြေပုံတစ်ခုအဖြစ် လုပ်ဆောင်ပေးခြင်းကြောင့်ဖြစ်သည်။

## ဘယ်အရာကို ဆက်လက်လေ့လာသင်ယူမယ်ဆိုတာ အလျင်စလိုဆုံးဖြတ်ခြင်း မလုပ်ပါနဲ့၊ အရေးကြီးတာကို အရင်စဉ်းစားကြည့်ရအောင်၊

ကိုယ့်ကိုယ်ကို လွယ်ကူရိုးရှင်းတဲ့မေးခွန်းတစ်ခုမေးကြည့်လိုက်ပါ " အနာဂါတ်မှာ ငါဘာအလုပ် လုပ်ချင်လဲ" နောက်ပြီး မိမိလုပ်ချင်သောအလုပ်သည် မိမိမှာရှိသောအရည်အချင်း မိမိကျွမ်းကျင်သည့်အရာနှင့် ကိုက်ညီမှုရှိသလား၊ အတူတကွ သွားလို့ရနိုင်မလား။ အချို့သော ကျောင်းသား၊ ညီငယ်၊ညီမငယ်များက ဆရာဝန်ဖြစ်ချင်သော်လည်း အသစ်သစ်သော အသိပညာနှင့် အကြောင်းအရာများကို သင်ယူဖို့လေ့လာဖို့ မကြိုက်နှစ်သက်ကြပြန်ဘူး၊ ဒီလိုဆိုရင်တော့ အခြားခြားသောအသက်မွေးဝမ်းကြောင်းကိုရွေးချယ်ခြင်း သို့မဟုတ် စိတ်ဝင်စားပြီး အရည်အချင်းများနှင့် ကိုက်ညီမှုရှိသော အခြားအိပ်မက်တစ်ခုအဖြစ် အသက်မွေးဝမ်းကြောင်းများကို လုပ်ကိုင်နိုင်ရန်အတွက် အရန်အဖြစ်ရွေးချယ်ရန် ရှာဖွေထားရမည်။

## အခြေခံပညာမူလတန်းအဆင့် 6 တန်း (ပေါဟော့)



အခြားရွေးချယ်လေ့လာသင်ယူခွင့်အဖြစ် အလယ်တန်းအဆင့် အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာကျောင်းများ သို့မဟုတ် အခွင့်အလမ်းတိုးချဲ့နိုင်မည့် ကျောင်းများအပါအဝင် နောက်ထပ် ပညာရေးအတွက် ရွေးချယ်စရာများစွာရှိနေသလို အခွင့်အလမ်းတိုးချဲ့သည့်အနေဖြင့် အနုပညာကျောင်းများ၊ စစ်ဘက်ဆိုင်ရာဂီတကျောင်းများ သို့မဟုတ် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းကျောင်းများ သို့မဟုတ် ရေတို အသက်မွေးဝမ်းကျောင်းများ ဆက်လက်ဆည်းပူးနိုင်သည်။

# 2. ပညာရေးအစီအစဉ် - မူလတန်းပညာရေး (6 နှစ်) သင်ကြားပြီးသောအခါ။

အလယ်တန်းကျောင်း ပထမ
အဆင့်(မော်.1 - မော်.3) 3 နှစ်

**→**

အထက်တန်းကျောင်း
နောက်ဆုံးအဆင့်
(မော်.4 - မော်.6) 3 နှစ်

↓

တက္ကသိုလ်ဘွဲ့ (4 - 6 နှစ်သင်)

↓

မာစတာဘွဲ့ (2 နှစ်သင်)

↓

ဒေါက်တာဘွဲ့
(Ph.D 3 နှစ်သင်)

**→**

အထက်တန်း အလုပ်သင်
(ပေါ်ဝေါ်ချော် 3 နှစ်သင်)

↓

အလုပ်သင် အဆင့်မြင့်
ဒီပလိုမာ
(ပေါ်ဝေါ်စော် 2 နှစ်သင်)

↓

ဘွဲ့ဒီဂရီ
(Bachelor's degree )
2 နှစ်

↓

ဒီဂရီဘွဲ့
(Bachelor's degree )
4-5 နှစ်

# 3. ကျောင်းပညာရေးစနစ်ပြင်ပ ဆက်လက်လေ့လာသင်ယူရန်လမ်းကြောင်း (ကော်စော်နော်)

## 1 Who
### သင်ယူသူ၏ အရည်အချင်းများ

Who?

1. ထိုင်းနိုင်ငံသား
2. မသင်မနေရ ပညာရေး (အသက် 16 နှစ်နှင့်အထက်)
3. အခြားသော ပညာရေးဌာနတွင် လေ့လာသင်ယူခြင်းမရှိ



## 2 What
### ဘယ်အရာနှင့် သက်ဆိုင်သည့်လေ့လာသင်ယူမှုလဲ?

What?


ဤလေ့လာသင်ယူမှုသည် အောက်ပါပညာရေးအဆင့်များနှင့် ညီမျှသည့် သင်ယူလေ့လာမှုဖြစ်သည်။

1. မူလတန်းကျောင်းအဆင့်
2. အလယ်တန်းကျောင်းအဆင့်
3. အထက်တန်းကျောင်းအဆင့်

## 3 Knowledge
### ရှိရမည့် အသိပညာဗဟုသုတ



အခြေခံဗဟုသုတဖြစ်သည့် သင်္ချာ၊ သိပ္ပံ၊ ထိုင်း၊ အင်္ဂလိပ်၊ လူမှုရေးဘာသာရပ်နှင့် အခြားသက်ဆိုင်သည့် ဘာသာရပ်များဖြစ်သည်။



# 4 Skill

## လိုအပ်သောကျွမ်းကျင်မှုများ

သင်ယူမည့်သူသည် ရှိသင့်သည့်အခြေခံ သင်ယူမှုစွမ်းရည်များမှာ

1. စာဖတ်စွမ်းရည်
2. ဆက်သွယ်ရေးစွမ်းရည်
3. တွက်ချက်သည့်စွမ်းရည်
4. ခွဲခြမ်းစိတ်ဖြာခြင်းနှင့် တွေးခေါ်မှုစွမ်းရည် စသည်တို့ဖြစ်သည်။



Where?

# 5 Where

## မည်သည့်နေရာတွင် လေ့လာသင်ယူရမလဲ

ခရိုင်တိုင်းတွင် ကျောင်းပညာရေးစနစ်ပြင်ပ ပညာရေးစင်တာများ

1. ကော်စော်နော် မြို့နယ်အဆင့်
2. ကော်စော်နော် ကျေးရွာအဆင့် ဟုဆိုပြီးခွဲခြားဖွဲ့စည်းထားသည်။

# 6 How

## နောက်ထပ်ပညာရေးလမ်းကြောင်း

ကျောင်းပညာရေးစနစ်ပြင်ပ အထက်တန်းနောက်ဆုံးပညာသင်နှစ်ပြီးဆုံးသည်နှင့် ကျောင်းပညာရေးတွင် မော် ၆ နှင့်ညီမျှသည်မို့ လျှောက်ထားမှုပေါ်မူတည်ပြီး လက်ခံသည့် မည်သည့်တက္ကသိုလ်မဆို ဆက်လက်သင်ယူလေ့လာနိုင်ရန် လျှောက်ထားနိုင်သည် သို့သော် ဘာသာရပ်/ဌာနတို့ကို ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

How?

# 7 How

## အသက်မွေးဝမ်းကြောင်းအတွက် လမ်းညွှန်ချက်

1. ရရှိထားသည့်ဘွဲ့ နှင့် ကျွမ်းကျင်သည့်ဘာသာရပ်/အောင်မြင်ထားသည့်ဘာသာရပ်အလိုက်ပေါ်မူတည်ပြီး အလုပ်အကိုင်အမျိုးမျိုးကို ရွေးချယ်နိုင်သည်။
2. အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံးတွင် နှစ်သက်ရာကိုရွေးချယ်ကာ လျှောက်ထားနိုင်သည်။

# 4. ကျောင်းပညာရေးစနစ်ပြင်ပ ဆက်လက်လေ့လာ သင်ယူရန်လမ်းကြောင်း (ကော်စော်နော်)



1. မော် 3 (Grade 9)အဆင့်ပညာရေးသင်ယူပြီးနောက်

2. ပညာရေးစနစ်ပြင်ပ (ကော်စော်နော်)

ဆက်လက်လေ့လာသင်ယူခြင်းဖြင့် အထက်တန်းနောက်ဆုံးပညာသင်နှစ် ပြီးဆုံးသည်နှင့် ကျောင်းပညာရေးတွင် မော် ၆ နှင့်ညီမျှသည့် ပညာ ဆက်လက်သင်ယူနိုင်ပြီး ခရိုင်ဒေသ မြို့အလိုက် ကျောင်းပညာရေးစနစ် ပြင်ပ ပညာရေးစင်တာကို ကဏ္ဍအလိုက်ထားရှိပါသည်။

**2.1 » မြို့နယ်အဆင့် ကော်စော်နော်**

**2.2 » ကျေးရွာအဆင့် ကော်စော်နော်**



3. လျှောက်လွှာလက်ခံသည့် မည်သည့်တက္ကသိုလ်တွင်မဆို ဆက်လက်ပညာ သင်ကြားနိုင်သည်၊ သို့သော်လည်း ဘာသာရပ်/ဌာနတို့ကို ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။

4.

**4.1 » ရရှိထားသည့်ဘွဲ့ နှင့် ကျွမ်းကျင်သည့် ဘာသာရပ်/ အောင်မြင် ထားသည့်ဘာသာရပ်အလိုက် ပေါ်မူတည်ပြီး အလုပ်အကိုင် အမျိုးမျိုးကို ရွေးချယ်နိုင်သလို**

**4.2 » အစိုးရအလုပ် နှင့် ပုဂ္ဂလိကအလုပ် သို့မဟုတ် ကိုယ်ပိုင်စီးပွားရေး ကိုလည်း ဆောင်ရွက်နိုင်သည်။**

# 5. အသက်မွေးဝမ်းကြောင်းနှင့် ဆက်နွယ်သည့် ပညာရေးလမ်းကြောင်း



## 1 Who
### သင်ယူသူ၏အရည်အချင်းများ

1. မော် 3 (Grade 9)အဆင့် ပညာသင်နှစ်တွင် သင်ယူအောင်မြင်ပြီးသူ။
2. ပညာရေးဌာနမှ သတ်မှတ်သည့် အမှတ်များ ပျမ်းမျှရရှိထားရမည်။
3. ပညာရေးဌာနမှ သတ်မှတ်သည့် အခြား အရည်အချင်းများရှိရမည်။




## 2 What
### ဘယ်အရာနှင့် သက်ဆိုင်သည့်လေ့လာသင်ယူမှုလဲ?

**ဘာသာရပ်အလိုက် ခွဲခြမ်းစိတ်ဖြာခြင်း**

1. စက်မှုလုပ်ငန်းဆိုင်ရာဘာသာရပ်
2. ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဘာသာရပ်
3. အိမ်တွင်းစီးပွားဖြစ်လုပ်ငန်းဆိုင်ရာ ဘာသာရပ်
4. သုခုမအနုပညာဆိုင်ရာဘာသာရပ်
5. အစားအသောက်နှင့် အာဟာရဆိုင်ရာ ဘာသာရပ်
6. ဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်
7. ထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်
8. စိုက်ပျိုးရေးဆိုင်ရာဘာသာရပ်
9. ပင်လယ်ရေထွက် ငါးလုပ်ငန်း စသည်တို့ဖြစ်သည်။




## 3 Knowledge
### ရှိရမည့်အသိပညာဗဟုသုတ

ရွေးချယ်ထားသော ဘာသာရပ်နှင့် သက်ဆိုင်သည့် နယ်ပယ်အလိုက် အခြေခံအသိပညာဗဟုသုတရှိရမည်။



## 4 Skill
### အသုံးပြုရမည့်ကျွမ်းကျင်မှုစွမ်းရည်များ

1. တွက်ချက်မှု စွမ်းရည်
2. ဆက်သွယ်မှု စွမ်းရည်
3. နည်းပညာ စွမ်းရည်
4. ခွဲခြမ်းစိတ်ဖြာတွေးခေါ်နိုင်မှု စွမ်းရည်
5. တွေးခေါ်မှုတီထွင်ဖန်တီးမှု စွမ်းရည်
6. အသက်မွေးဝမ်းမှု စွမ်းရည်
7. ကိရိယာတန်ဆာများအသုံးပြုမှု စွမ်းရည်

## 5 Where
### မည်သည့်နေရာတွင် လေ့လာသင်ယူရမလဲ

**အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်၍ အလုပ်သင်အထက်တန်း (ပေါ်ဝေါ်ချော်) နှင့် အလုပ်သင် အဆင့်မြင့်ဒီပလိုမာ (ပေါ်ဝေါ်စော်)**

1. နည်းပညာကောလိပ်များ/ သက်မွေးဝမ်းကျောင်းကောလိပ်များ
2. စိုက်ပျိုးရေးနှင့် နည်းပညာကောလိပ်များ
3. ပုဂ္ဂလိကပညာရေး ကျောင်းများ
4. Chitralada နည်းပညာတက္ကသိုလ် အစရှိသည့်နေရာတို့ဖြစ်သည်။





## 6 How
## ပညာဆက်လက်သင်ယူနိုင်မည့် လမ်းကြောင်းသစ်

**သက်ဆိုင်သည့် ဘာသာအလိုက် ဆက်လက်သင်ယူလေ့လာမှုအလိုက် ဘွဲ့ဒီဂရီ အဆင့်တွင် ရွေးချယ်နိုင်ရန်အတွက်**

1. မော်ကျော်ဖော်/ စော်ကျော်လော် (ဘန်ကောက်မြို့တော်မြောက်ပိုင်းရှိ ကျောမ်ကေလာ နည်းပညာတက္ကသိုလ် King Mongkut's University of Technology North Bangkok (KMUTNB) (ဘန်ကောက်မြို့တော် လာ့ကဘာန် ကျောမ်ကေလာ နည်းပညာတက္ကသိုလ် ) King Mongkut's Institute of Technology Ladkrabang )
2. ရာ့ချမုံခွန် နည်းပညာတက္ကသိုလ် Rajamangala University of Technology
3. ရာ့ချဖာက်တက္ကသိုလ် Rajabhat University system
4. အစိုးရတက္ကသိုလ် Public universities(အထက်တန်းကျောင်းအောင်မြင်) မော် 6. နှင့်ညီမျှရှိ မှလက်ခံသည်။
5. ပုဂ္ဂလိက တက္ကသိုလ်များအစရှိသည်တို့ဖြစ်သည်။




## 7 How
## အသက်မွေးဝမ်းမှု အခွင့်အလမ်းများ

1. အင်ဂျင်နီယာ၊ နည်းပညာရှင်အမျိုးမျိုး၊ စားဖိုမှူး Chef၊ စာရင်းကိုင် အစရှိသဖြင့် မိမိတို့ရရှိထားသည့်ဘွဲ့ ကျောင်းပြီးထားသည့် ဘာသာရပ်အလိုက် သင့်လျော်မည့် အသက်မွေးဝမ်းကြောင်း တစ်ခုတွင် လုပ်ကိုင်နိုင်သည်။
2. အစိုးရအလုပ်နှင့်ပုဂ္ဂလိကအလုပ် ကဏ္ဍနှစ်ခုလုံး သို့မဟုတ် ကိုယ်ပိုင်စီးပွားရေးလည်း လုပ်ဆောင် နိုင်သည်။







# 6. အလုပ်အကိုင်ဆိုင်ရာ(အလုပ်သင်) သင်ကြားသည့်ကျောင်းများတွင် ဆက်လက်လေ့လာနိုင်သည့် ပညာရေးလမ်းကြောင်း

1. မော် ၉ (Grade 9)အဆင့် ပညာသင်နှစ်တွင်သင်ယူအောင်မြင်ပြီး

2. အထက်တန်းအဆင့်အလုပ်သင် ပေါ်ဝေါ်ချော် (၃ နှစ်) ဘာသာရပ်အလိုက် အသက်မွေးဝမ်းမှုပညာကို အစိုးရရော ပုဂ္ဂလိကပါ နှစ်မျိုးစလုံး သင်ကြားပို့ချပေးသည်။



   1. စက်မှုဆိုင်ရာ ဘာသာရပ်
   2. ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဘာသာရပ်
   3. အိမ်တွင်းစီးပွား (Home Economics)သို့မဟုတ် အိမ်ထောင်မှုဆိုင်ရာ ဘာသာရပ်
   4. သုခုမအနုပညာ ဆိုင်ရာ ဘာသာရပ်
   5. အစားအသောက်နှင့် အာဟာရဆိုင်ရာ ဘာသာရပ်
   6. ဟိုတယ်စီမံခန့်ခွဲမှု ဆိုင်ရာ ဘာသာရပ်
   7. ထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ် Logistics Management Studies အစရှိသည်တို့ဖြစ်သည်။



3. အလုပ်သင် အဆင့်မြင့်ဒီပလိုမာ (ပေါ်ဝေါ်စော်) အဆင့်နှင့် ဘွဲ့ဘက် (ဆိုင်ရာဘာသာရပ်ဘွဲ့) သက်ဆိုင်သော ဘွဲ့ရသင်တန်း/ဌာန နှင့် လက်ခံသည့်တက္ကသိုလ် အလိုက်ပေါ်မူတည်၍ ဆက်လက် လေ့လာနိုင်သည်။



   1. နည်းပညာရှင်အမျိုးမျိုး၊ Chef (စားဖိုမှူး)၊ စာရင်းကိုင် အစရှိသဖြင့် မိမိတို့ရရှိထားသည့်ဘွဲ့ ကျောင်းပြီးထားသည့် ဘာသာရပ်အလိုက် သင့်လျော်မည့်အသက်မွေးဝမ်းကြောင်းအလိုက် လုပ်ကိုင်နိုင်သည်။
   2. အစိုးရအလုပ်နှင့်ပုဂ္ဂလိကအလုပ် ကဏ္ဍနှစ်ခုလုံး သို့မဟုတ် ကိုယ်ပိုင်စီးပွားရေးအလုပ်လည်း လုပ်ကိုင်နိုင်သည်။

# 7. ပုံမှန်ပညာရေးဆက်လက်လေ့လာနိုင်သည့် လမ်းကြောင်း



## 1 Who

### သင်ယူသူ၏အရည်အချင်းများ

1. ပညာသင်နှစ်အတွင်း အလယ်တန်းအဆင့် ၃(မော် ၃) ကို အောင်မြင်ပြီးမြောက်ထားရမည်။
2. ပညာရေးဌာန သို့ ကျောင်းမှအခြေခံသတ်မှတ်ထားသည့် ပျမ်းမျှအမှတ် ရရှိထားရမည်။
3. ပညာရေးဌာနမှ သတ်မှတ်သည့် အခြားအရည်အချင်းများရှိရမည်။

## 2 What

### ဘယ်အရာနှင့်သက်ဆိုင်သည့်လေ့လာသင်ယူမှုလဲ?




**သင်ယူလေ့လာရန် အစီအစဉ်များဖြစ်သည့်**

1. သဘာဝသိပ္ပံ-သင်္ချာ ဘာသာရပ် အစီအစဉ်
2. ဘာသာစကား- ဘာသာရပ် အစီအစဉ်
3. အနုပညာ-ဘာသာစကား ဘာသာရပ် အစီအစဉ်
4. ဘာသာစကား-လူမှုရေး ဘာသာရပ် အစီအစဉ်

## 3 Knowledge

### ရှိရမည့် အသိပညာဗဟုသုတ

**သင်္ချာ၊ သိပ္ပံ၊ ထိုင်းဘာသာ၊ အင်္ဂလိပ်၊ လူမှုရေးဘာသာ၊ အနုပညာ၊ ကျန်းမာရေးနှင့် ကာယပညာ၊ ကွန်ပျူတာနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ လမ်းညွှန်မှုအစရှိသည့် ဘာသာရပ်အမျိုးမျိုးတွင် ဗဟုသုတ ရှိရမည်။**



## 4 Skill
### လိုအပ်သောကျွမ်းကျင်မှုများ

1. တွက်ချက်မှု စွမ်းရည်
2. ဆက်သွယ်မှု စွမ်းရည်
3. နည်းပညာ စွမ်းရည်
4. ခွဲခြမ်းစိတ်ဖြာတွေးခေါ်နိုင်မှု စွမ်းရည်
5. တွေးခေါ်တီထွင်ဖန်တီးမှု စွမ်းရည်
6. ပြဿနာဖြေရှင်းမှု စွမ်းရည်
7. အုပ်စု(သို့)အစုအဖွဲ့ဖြင့် လုပ်ကိုင်နိုင်သည့် စွမ်းရည်
8. ခေါင်းဆောင်မှု စွမ်းရည်
9. သိပ္ပံနည်းကျ လုပ်ငန်းစဉ် ကျွမ်းကျင်မှု အစရှိသည် တို့ဖြစ်သည်။

## 5 Where
### မည်သည့်နေရာတွင် လေ့လာသင်ယူရမလဲ?

**အထက်တန်းအဆင့် မော်၄-မော်၆ အထိ သင်ကြားပေးသော ပညာ သင်ကြားရာနေရာအား အောက်ပါအတိုင်း ခွဲခြားထားသည်။**

1. အစိုးရသင်တန်းကျောင်းများ
2. ပညာရေးသုတေသနတက္ကသိုလ်ပူးပေါင်းသင်တန်းကျောင်းများ(အဆင့်မြင့်ပညာရေးကော်မတီရုံး)
3. ပုဂ္ဂလိကသင်တန်းကျောင်း တို့ဖြစ်သည်။






## 6 How
### နောက်ထပ် ပညာရေးလမ်းကြောင်း

အထက်တန်းအဆင့် (မော်6) အောင်မြင်ထားသူသည် အလုပ်သင်အဆင့်မြင့်ဒီပလိုမာ (ပေါ်ဝေါ်စော်) နှင့် ဘွဲ့ဒီဂရီ တစ်ခုခုကို လက်ခံသည့်တက္ကသိုလ်အလိုက် ကိုယ်တိုင် စိတ်ဝင်စားပြီး သင်ရိုးညွှန်းနှင့်ကိုက်ညီသည့် ပညာရေးတစ်ခုခုကိုဆက်လက် လေ့လာနိုင်သည်။

## 7 How
### အသက်မွေးဝမ်းကြောင်းအတွက် လမ်းညွှန်ချက်



1. သူနာပြု၊ ကျောင်းဆရာ/မ အစရှိသည့် ပညာရေးနယ်ပယ်တွင် အသက်မွေးဝမ်းမှု ပြုနိုင်သည်။
2. အစိုးရအလုပ် ပုဂ္ဂလိကအလုပ်ကဏ္ဍနှစ်ခုလုံး သို့မဟုတ် ကိုယ်ပိုင်စီးပွားရေး အလုပ်လည်း လုပ်ကိုင် နိုင်သည်။

## 8. အထွေထွေပညာရေးကျောင်းများအတွက် ပညာရေးလမ်းကြောင်း



1. မော် ၃ (Grade 9)အဆင့်အောင်မြင်ပြီး
2. အထက်တန်းအဆင့် မော်၄-မော်၆ အထိ (3 နှစ်) အခြေခံပညာဦးစီးဌာနလက်အောက် ကျောင်းများ / ပုဂ္ဂလိကကျောင်းများ သို့မဟုတ် တက္ကသိုလ်ပူးပေါင်း သင်တန်းကျောင်းများ (အဆင့်မြင့်ပညာဦးစီးဌာနအောက်) တို့တွင် စိတ်ဝင်စားမှုပေါ်မူတည်၍ သင်ရိုးအစီအစဉ်အမျိုးမျိုး ရွေးချယ်နိုင်သည်။ ဥပမာ - သိပ္ပံ-သင်္ချာ လေ့လာမှု အစီအစဉ်/ ဘာသာစကား လေ့လာမှုအစီအစဉ်/ အနုပညာ-ဘာသာစကား လေ့လာမှု အစီအစဉ်/ ဘာသာစကား-လူမှုရေး လေ့လာမှု အစီအစဉ် တို့ဖြစ်သည်။
3. ဆက်လက်ပညာသင်ကြားရာတွင် မိမိစိတ်ဝင်စားသည့် အထက်တန်းဘွဲ့နှင့် တက္ကသိုလ်ဘွဲ့ အလုပ်သင် အဆင့်မြင့်ဒီပလိုမာ (အခြားဘာသာရပ်) နှင့် ကိုယ်တိုင်စိတ်ဝင်စားမှုရှိသည့် သင်ရိုးအစီအစဉ် နှင့် ကိုက်ညီသည့် ဘာသာရပ်ကို ရွေးချယ်နိုင်သည်။
4. ဆရာဝန်၊ သူနာပြု၊ ကျောင်းဆရာ/မ အစရှိသဖြင့် အစိုးရအလုပ် ပုဂ္ဂလိကအလုပ် ကဏ္ဍနှစ်ခုလုံးတွင် လုပ်ကိုင်နိုင်ခြင်း သို့မဟုတ် ဘွဲ့ရထားသည့် ဘာသာရပ်/နယ်ပယ်အလိုက် ပညာရပ်တစ်ခုခုတွင် လုပ်ကိုင်ခြင်း သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။







# ပုံမှန် (အထွေထွေ) သင်ရိုးစည်းနှင့် အသက်မွေးဝမ်းကြောင်း (အလုပ်အကိုင်) ပညာရေးလမ်းကြောင်း





# 9. သင်ယူဖို့သင့်တော်သည့် ပုဂ္ဂိုလ်ရေးလက္ခဏာများ နှင့် ပုံမှန်(အထွေထွေ)သင်ရိုးစဉ် နှင့် အသက်မွေး ဝမ်းကြောင်း (အလုပ်အကိုင်) လက္ခဏာ



## ပုံမှန် (အထွေထွေ) သင်ရိုးစဉ်

### 1 သီအိုရီအခြေခံကဲ့သို့ သင်ယူမှုလိုင်း(လမ်းကြောင်း)

ပညာရပ်ဆိုင်ရာ အကြောင်းအရာများကို စိတ်ဝင်စားခြင်း/ စာဖတ်ရသည်ကို နှစ်သက်ခြင်း၊ ဟောပြောပွဲများနှင့် အကြောင်းအရာ တစ်ခုခွဲခြမ်း စိတ်ဖြာမှု အကြောင်း နားထောင်ရသည် ကို နှစ်သက်ခြင်း / ကျယ်ပြန့်သော အကြောင်း အရာများကို နှစ်သက်ခြင်း/ ပြည့်စုံသောဗဟုသုတတို့ကို လေ့လာသင်ယူသည် ကိုနှစ်သက်ခြင်းတို့ဖြစ်သည်။



### 2 သုတေသန/ စိတ်ဝင်စားသော ပရောဂျက်များ

မေးခွန်းများမေးခြင်း၊ ဒေတာအချက်အလက်များခွဲခြမ်းစိတ်ဖြာခြင်းနှင့် သုံးသပ်၍နှိုင်းယှဉ်ရသည်ကို စိတ်ဝင်စားခြင်း/ သိပ္ပံနည်းကျကျ စာသင်ခန်း ပြင်ပတွင် အသိပညာဗဟုသုတများကို ရှာဖွေခြင်းကို နှစ်သက်သည်။




### 3 ရေရှည်ရည်မှန်းချက်

- တက္ကသိုလ်ဆက်တက်ရန် ရည်မှန်းထားပြီး သီးခြားဌာန/တိကျ သောဘာသာရပ်ကိုလေ့လာခြင်း။
- ဘွဲ့တစ်ခုခုနှင့်အထက် အသုံးပြုရသောအသက်မွေးဝမ်းကြောင်းကိုလေ့ လာသင်ယူခြင်း။



# အသက်မွေးဝမ်းကြောင်းသင်ရိုးစဉ်

## 1 လက်တွေ့လုပ်ဆောင်ခြင်း/အကောင်ထည်ဖော် လုပ်ဆောင်ရသည်ကိုနှစ်သက်ခြင်း

- အကောင်ထည်ဖော်လုပ်ဆောင်ရသည်ကို နှစ်သက်သည်ဆိုသည်မှာ - ဥပမာ ပြန်လည်ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ပုံစံထုတ်ခြင်း၊ အစားအသောက်ပြုလုပ်ခြင်း၊
- "စမ်းသပ်- အစမ်းလေ့ကျင့်" တို့ကိုအကြောင်းရာနားထောင်ရသည်ထက် နှစ်သက်သည်။
- အတွေ့အကြုံရသည့် သင်ယူမှုကို ပို၍ နှစ်သက်သည်။



## 2 အထူးကျွမ်းကျင်မှုရှိခြင်း

- အထူးကျွမ်းကျင်မှု သီးခြားအရာတစ်ခုခု အထူးကျွမ်းကျင်ရာတွင် - ဥပမာ စက်ပြုပြင်ခြင်း၊ လက်မှုပညာနှင့် အစားအသောက်ပြုလုပ်ခြင်းများ ကျွမ်းကျင်မှုရှိသည်။
- အတက်ပညာဖွံ့ဖြိုးမှု/ လုပ်ငန်းခွင်ထဲတွင် အမှန်တကယ် လက်တွေ့ပြုလုပ်သည်။
- လုပ်ငန်းခွင်မှာ အလုပ်သင်အဖြစ် လုပ်ကိုင်ရသည်ကိုစိတ်ဝင်စားသည်။

## 3 ဘဝရည်မှန်းချက်များကို ရှင်းလင်းပြတ်သားစွာကြည့်ရှုခြင်း

1. အသက်မွေးဝမ်းကြောင်းလုပ်ငန်းကို စိတ်ပါဝင်စားပြီး အမြန်တက်မြောက်လုပ်ကိုင် လိုသည်။
2. မော်တော်ယာဥ်စက်ပြင်၊ လျှပ်စစ်၊ စားဖိုမှူး Chef ၊ အလှပြင်ဆင်၊ စာရင်းကိုင် အစရှိသည့် အထူးကျွမ်းကျင်မှုသီးခြားအရာများ စိတ်ဝင်စားသည်။

$$x = \frac{-b \pm \sqrt{b^2-4ac}}{2a}$$

# 10. သင်ယူမှုပုံစံကွဲပြားခြားနားခြင်း/ သင်ရိုးညွှန်း



## ပုံမှန်(အထွေထွေ)သင်ရိုးစဉ်

1. တက္ကသိုလ်အဆင့်တွင် ဆက်လက်သင်ယူလေ့လာနိုင်ရန် ပညာရေးဆိုင်ရာ သင်ယူမှုကိုအခြေခံကျကျ အာရုံစိုက်ရန်၊

2. သင်ရိုးညွှန်းတမ်းဖွဲ့စည်းမှုပုံစံကို အောက်ပါအတိုင်း ဘာသာရပ်အလိုက်အုပ်စု ၃ စုခွဲထားသည်။



- အခြေခံသင်ယူမှု အဓိကအပိုင်း (၈) မျိုး
- ပေါင်းထည့်ဘာသာရပ်အုပ်စု
- ကျောင်းသားဖွံ့ဖြိုးရေး လှုပ်ရှားမှုများ



3. ကျောင်း၏ သင်ရိုးညွှန်းတမ်းအရ အခြားခြား သောလေ့လာမှုအစီအစဥ်များ ခွဲခြားထားသည်မှာ

- သိပ္ပံ - သင်္ချာ လေ့လာမှု အစီအစဉ်
- ဝိဇ္ဇာ-တွက်ချက်လေ့လာမှု အစီအစဉ်
- အနုပညာ-ဘာသာစကား လေ့လာမှု အစီအစဉ်
- ဘာသာစကား-လူမှုရေး လေ့လာမှု အစီအစဉ်



# အသက်မွေးဝမ်းကျောင်း

1. တက္ကသိုလ်အဆင့်တွင် ဆက်လက်သင်ယူလေ့လာနိုင်ရန် ပညာရေး ဆိုင်ရာ သင်ယူမှုကိုအခြေခံကျကျ အာရုံစိုက်ရန်၊

2. သင်ရိုးညွှန်းတမ်းဖွဲ့စည်းမှုပုံစံကို အောက်ပါအတိုင်း ဘာသာရပ် အလိုက်အုပ်စု (၂) စုခွဲထားသည်။
   - အခြေခံ အထွေထွေ ဘာသာရပ်
   - အသက်မွေးဝမ်းမှု အထူးပြုသည့်ဘာသာရပ်

3. အလုပ်သင်/ကျွမ်းကျင်မှုရှိခြင်း/လုပ်ငန်းခွင်ထဲတွင် တကယ့် လက်တွေ့ကျ သင်ယူလေ့လာမှုပြုခြင်း၊

4. အရည်အချင်းအလိုက် စိတ်ဝင်စားသည့် သင်ရိုးညွှန်းတမ်းများထဲမှ သင်ယူနိုင်သောဘာသာရပ်များကို ရွေးချယ်သင်ယူနိုင်သည်။ ဥပမာ

1. စက်မှုလေ့လာရေး
2. သတင်းအချက်အလက်နည်းပညာ
3. ကူးသန်းရောင်းဝယ်ရေး
4. သုခုမအနုပညာ
5. အိမ်တွင်းစီးပွားရေး
6. အစားအသောက်နှင့် အာဟာရ
7. ခရီးသွားလုပ်ငန်း/ ထောက်ပံ့ပို့ ဆောင်ရေး
8. စိုက်ပျိုးရေး
9. တိရစ္ဆာန် မွေးမြူရေး
10. ပင်လယ်ငါးဖမ်းလုပ်ငန်း တို့ဖြစ်သည်။

# 11. အဆင့်မြင့်ပညာဆက်လက်သင်ယူရန် အခွင့်အလမ်း



## ပုံမှန်(အထွေထွေ)သင်ရိုးစဉ်



1. နိုင်ငံတစ်ဝှမ်းရှိ အစိုးရနှင့်ပုဂ္ဂလိက တက္ကသိုလ်တို့တွင် ဘာသာရပ်အမျိုးမျိုး ပရိုဂရမ်အမျိုးမျိုး၊ ဘာသာရပ်ပေါင်းစုံဖြင့် ပညာသင်ရန် ရွေးချယ်နိုင်သည်။

2. သတ်မှတ်ထားသည့် အရည်အချင်းများနှင့် လိုအပ်သောရမှတ်လိုအပ်ချက်များနှင့် ကိုက်ညီပါက မည်သည့်ဌာန/ဘာသာရပ်၏ နယ်ပယ်စုံအတွက်မဆို TCAS စနစ်တွင် ပါဝင်သည့် တက္ကသိုလ်များသို့ ၄ ကြိမ်စလုံး လျှောက်ထားနိုင်ပါသည်။

3. ဆေးတက္ကသိုလ် သို့မဟုတ် သွားဘက်ဆိုင်ရာဌာနကဲ့သို့သော ကျန်းမာရေးသိပ္ပံ အထူးပြုဘာသာ ရပ်များကိုသင်ယူရန် ရွေးချယ်နိုင်သည်။

4. နိုင်ငံခြားမှ ကျောင်းသားများနှင့် နီးနှောဖလှယ်ခွင့် အခြားလှုပ်ရှားမှုများတွင် ပါဝင်နိုင်သော အခွင့်အလမ်းများရှိသည်။





## အသက်မွေးဝမ်းကြောင်းကျောင်း

1. အလုပ်သင် အဆင့်မြင့်ဒီပလိုမာ (ပေါ်ဝေါ်စော်)ထိ ဆက်လက်သင်ယူမည်ဆိုပါက သာမာန် အသက် မွေးဝမ်းမှု ပြုသည်ထက်ပို၍ အထူးပြုလုပ်ငန်းတစ်ခု ဖြစ်သောကြောင့် အထက်တန်း အလုပ်သင် ပေါ်ဝေါ်ချော် မသင်ယူမှီက အခြေခံကျွမ်းကျင်မှု ရှိရန် လိုအပ်သည်။

2

အထက်တန်းအဆင့်မြင့်ပညာရေးကို ဆက်လက်လေ့လာမှုပြုလုပ်ရာတွင် အကန့်အသတ်များရှိသည်၊ (အချို့သောတက္ကသိုလ်များနှင့်လေ့လာမှုနယ်ပယ်အချို့ သို့မဟုတ် အချို့သော ဘာသာရပ်များတွင်ဆက်လက်လေ့လာရန် ရွေးချယ်နိုင်သည်၊)ဥပမာ.

- (KMUTNB) (ဘန်ကောက်မြို့တော်လာ့ကဘာန် ကျောမ်ကေလာ နည်းပညာတက္ကသိုလ် ) King Mongkut's Institute of Technology Ladkrabang ) / ဘန်ကောက်မြို့ ထွန်ဘူရီ ကျောမ်ကေလာ နည်းပညာတက္ကသိုလ်( King Mongkut’s University of Technology Thonburi)/ ဘန်ကောက်မြို့ လာ့ကဘာန် နည်းပညာတက္ကသိုလ် King Mongkut's Institute of Technology Ladkrabang
- နခွန်ရာတ်ချစီမာ ရှိ ဆူရာ့နရီ နည်းပညာတက္ကသိုလ် Suranaree University of Technology
- နိုင်ငံတဝှမ်းရှိ ရာ့ချမုံခွန် နည်းပညာတက္ကသိုလ် Rajamangala University of Technology
- နိုင်ငံတဝှမ်းရှိ ရာ့ချဖာက်တက္ကသိုလ် Rajabhat University system

3

အချို့သောတက္ကသိုလ်များသည် အထူးခွဲတမ်းများအဖြစ် ဖွင့်ထားသည်မှာ စက်မှုပညာရေးဌာနနှင့် စီးပွားရေးစီမံခန့်ခွဲမှုဌာန ကဲ့သို့သော တိုက်ရိုက် အသက်မွေးဝမ်းကျောင်းဝင်ခွင့်များအတွက် ပေးထားသည်။

4

အထက်တန်း အလုပ်သင် သက်မွေးဝမ်းကြောင်းဖြင့် ကျောင်းပြီး၍ ဘွဲ့ရသူသည် TCAS စနစ်သို့ ဝင်ရောက်နိုင်သည်၊ သို့သော် သက်မွေးဝမ်းကျောင်း လက်မှတ် လျှောက်ထားသူများကို လက်ခံခြင်း ရှိ၊မရှိ ဆုံးဖြတ်ရန် တစ်ခေါက်ခြင်းစီအတွက် အရည်အချင်းပြည့်မီမှု သတ်မှတ်ချက်များနှင့် စိတ်ပါဝင်စားသော ဌာနများကို စစ်ဆေးရပါမည်။

# 12. လေ့လာခြင်းမှ ရရှိသော အရည်အချင်းများ



## ပုံမှန်(အထွေထွေ)သင်ရိုးစဉ်

### 1 ခွဲခြမ်းစိတ်ဖြာတွေးခေါ်မှုစွမ်းရည်

သိပ္ပံ၊ သင်္ချာ၊ ထိုင်းဘာသာ အစရှိသည့် ပညာရပ်ဆိုင်ရာ အကြောင်းအရာများကို ကျိုးကြောင်းဆင်ခြင်မှု တို့ဖြင့်ပေါင်းစပ်၍ လေ့ကျင့်သင်ယူခြင်း။

### 2 ဘာသာစကားနှင့် ဆက်သွယ်ရေး ကျွမ်းကျင်မှုစွမ်းရည်

လိုရင်းကျသော အချက်လက်ကို ဖတ်ရှုစစ်ထုတ်နိုင်ခြင်း၊ သတင်းအချက်အလက် များကို ခွဲခြမ်း စိတ်ဖြာနိုင်ခြင်း၊ ဆောင်းပါး/အတွေးအခေါ်ပုံစံဖြင့် ရေးသားခြင်း ၊ အတွေးအမြင်များကို ယုတ္တိရှိရှိ ဖော်ပြခြင်း၊ အလုပ် နှင့် ဆက်နွယ်မှုကို ကောက်နုတ်တင်ပြခြင်းနှင့် နိုင်ငံခြားဘာသာစကား ကျွမ်းကျင်မှုများကို အသုံးပြုခြင်း။

### 3 အခြားကျွမ်းကျင်မှုများ- ဥပမာ



- သိပ္ပံနည်းကျလုပ်ငန်းစဉ်ကျွမ်းကျင်မှု
- ကိုယ်တိုင်သင်ယူမှုစွမ်းရည်
- နည်းပညာကျွမ်းကျင်မှုများ
- Teamwork ဖြင့် လုပ်ဆောင်နိုင်မှု စွမ်းရည် (အဖွဲ့လိုက်လုပ်ဆောင်မှုစွမ်းရည်)၊

# အသက်မွေးဝမ်းမှုပြုသည့်လမ်းကြောင်း


## 1 ခွဲခြမ်းစိတ်ဖြာတွေးခေါ်မှုစွမ်းရည်

- ဘွဲ့ရပြီးသည့်နောက် ကျွမ်းကျင်သောအသက်မွေးဝမ်းမှုအဖြစ် လုပ်ကိုင်နိုင်သော အသက်မွေးဝမ်းမှု အလုပ်အကိုင် -ဥပမာ မော်တော်ယာဥ်စက်ပြင်ခြင်း၊ စက်ချုပ်ခြင်း၊ အလှပြင်ဆင်ခြင်း၊ အစားအသောက် ချက်ပြုတ်ခြင်း၊ ပရိဂရမ်ရေးဆွဲခြင်း၊ စာရင်းကိုင်ခြင်း အစရှိသည့် အသက်မွေးဝမ်းကျောင်းများတွင် အထူးကျွမ်းကျင်မှုများကို အသုံးချ၍ လုပ်ကိုင်နိုင်သည်။

## 2 အကောင်ထည်ဖော်လက်တွေ့လုပ်ကိုင်ရန်ကျွမ်းကျင်မှု

- စာသင်ခန်းအတွင်းရော လက်တွေ့လုပ်ငန်းခွင်မှာပါလုပ်ကိုင်နိုင်မှုအဖြစ်
- ဝန်ဆောင်မှုရေးရာကျွမ်းကျင်မှု / အရောင်းပိုင်းဆိုင်ရာကျွမ်းကျင်မှု/ အချို့သောဘာသာရပ်ကို လက်ခံသင်ယူမှု
- လက်တွေ့အခြေအနေ တွင် ရင်ဆိုင်ရသည့် ပြဿနာကို ဖြေရှင်းနိုင်မှုစွမ်းရည်တို့သည် လေ့လာခြင်းကနေရရှိလာတဲ့ လက်တွေ့ စွမ်းရည်များဖြစ်သည်။

## 3 အခြားကျွမ်းကျင်မှုများ- ဥပမာ




- ဒီဇိုင်းကျွမ်းကျင်မှုစွမ်းရည်
- စက်ကိရိယာ ကိုင်တွယ်အသုံးပြုရာတွင် ကျွမ်းကျင်မှုစွမ်းရည်
- ကိုယ်တိုင်သင်ယူမှုစွမ်းရည်
- နည်းပညာအသုံးပြုရာတွင်ကျွမ်းကျင်မှုစွမ်းရည်
- Teamwork ဖြင့် လုပ်ဆောင်ရာတွင်ကျွမ်းကျင်မှုစွမ်းရည် (အဖွဲ့လိုက်လုပ်ဆောင်မှုကျွမ်းကျင်သည့်စွမ်းရည်)

# 13. အသက်မွေး ဝမ်းကြောင်းအတွက် အခွင့်အလမ်းများ



## ပုံမှန်(အထွေထွေ)သင်ရိုးစဉ်

1 မော်၆(အထက်တန်းကျောင်း) သင်ယူအောင်မြင်ပြီးနောက် ဆက်လက် လေ့လာမှု မရှိပါက အလုပ်အကိုင်ရှာဖွေရာတွင် ခက်ခဲနိုင်ပြီး လစာလည်းနည်းပါသည်၊ထို့ကြောင့် အသက်မွေးဝမ်းကြောင်းပညာကို ဆက်လက်ဆည်းပူးရန် လုံလောက်သော အရည်အချင်းများ ရှိရန် လိုအပ်သည့်အတွက် အဆင့်မြင့်ပညာရေးဆိုင်ရာ တက္ကသိုလ်ဘွဲ့ ဘွဲ့ဒီဂရီကို ဆက်လက်သင်ယူ သင့်ပါသည်။



### 2 အသက်မွေးမှုပြုရန် ရွေးချယ်စရာများစွာ ရှိနေပြီး

- ဝင်ရောက်ရွေးချယ်နိုင်သည့် အသက်မွေးဝမ်းကြောင်းများ - ဥပမာ ဆရာဝန်လုပ်ငန်း၊ ကျောင်းဆရာလုပ်ငန်း၊အင်ဂျင်နီယာလုပ်ငန်း၊ဥပဒေ(ရှေ့နေ)လုပ်ငန်း၊စိတ်ပညာရှင်၊စာရင်းကိုင် လုပ်ငန်းအစရှိသည့် ပညာရပ်ဆိုင်ရာ/ အထူးပြု အသက်မွေးဝမ်းကျောင်းများ ဖြစ်သည်။
- အစိုးရအလုပ် နှင့်ပုဂ္ဂလိက အလုပ် သို့မဟုတ် ကိုယ်ပိုင်စီးပွားရေးကိုလည်း ဆောင်ရွက်နိုင်သည်။

### 3 မော်၆ (အထက်တန်းကျောင်း) သင်ယူအောင်မြင်ပြီးနောက် (ဆက်လက်မလေ့လာပါက) လုပ်ကိုင် နိုင်သောအထွေထွေ အလုပ်အကိုင် - ဥပမာ

- အရောင်းဝန်ထမ်း
- အုပ်ချုပ်မှုဝန်ထမ်း
- Admin
- စတိုးဆိုင်ဝန်ထမ်းများ/ လွယ်လင့်တကူဝယ်ရာတွင် အဆင ပြေချောမွေ့သည့် စတိုးဆိုင်ဝန်ထမ်းများ စသည်တို့ဖြစ်ပြီး (တစ်လလျှင် ဘတ်ငွေ ၉၀၀၀-၁၂၀၀၀ ခန့်) သာရရှိကြသည်။





# အသက်မွေးဝမ်းမှုပြုသည့်လမ်းကြောင်း

1. ဘာသာရပ်အလိုက် အထက်တန်းအဆင့် အလုပ်သင် သင်ယူပြီး နောက် အသက်မွေးဝမ်းကြောင်း အလုပ် လုပ်ကိုင်နိုင်မည်ဖြစ်သည်။

2. ကျောင်းတက်နေစဉ် ဝင်ငွေရှာနိုင်ပြီး "စာသင်ရင်း အလုပ် " လုပ်ကိုင်နိုင်သည်။

3. ကုမ္ပဏီတွင်ဝင်ရောက်လုပ်ကိုင်ခွင့်နှင့် / လုပ်ငန်းခွင်တွင် အလုပ်သင် အဖြစ် လုပ်ကိုင်နိုင်သည်။

4. စက်မှုလက်မှုလုပ်ငန်းထဲတွင် လိုအပ်လျက်ရှိသော အလုပ်သမား ဈေးကွက်တွင် လုပ်သား လိုအပ်မှုမြင့်မားလျက်ရှိနေသည် - ဥပမာ

- လျှပ်စစ်မီး
- အီလက်ထရောနစ်
- မော်တော်ယာဉ် စက်ပြင်
- ဝရိန်ဆော်(ဂဟေဆော်) စသည့်အလုပ်များဖြစ်သည်။

5. အစိုးရအလုပ်နှင့်ပုဂ္ဂလိကအလုပ် သို့မဟုတ် ကိုယ်ပိုင်စီးပွား ရေးကိုလည်း ဆောင်ရွက်နိုင်သည်။

- အထက်တန်းအဆင့်အလုပ်သင် (ပေါ်ဝေါ်ချော်) သင်ယူအောင် မြင်ပြီးနောက် အစိုးရဝန်ထမ်း သို့မဟုတ် ယာယီဝန်ထမ်းဖြစ်ရန် လျှောက်ထားဖြေဆိုနိုင်သည်။
- အထက်တန်းအဆင့်အလုပ်သင် (ပေါ်ဝေါ်ချော်) သင်ယူအောင်မြင်ပြီး နောက်၊ ဌာနဆိုင်ရာများတွင် လုပ်ငန်းဆောင်ရွက်မှု အဆင့်တွင် နိုင်ငံ့ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် လျှောက်ထားဖြေဆိုနိုင်သည်။
- ပညာရေးဆိုင်ရာ အရည်အချင်းကန့်သတ်ထားခြင်းမရှိသော အလုပ်များတွင် လည်းလုပ်ကိုင်နိုင် သည်။





# 14. ပညာရေးကုန်ကျစာရိတ်



## ပုံမှန်(အထွေထွေ)သင်ရိုးစဉ်

- ၁၅ နှစ် အခမဲ့သင်ယူခွင့် မူဝါဒ(အစိုးရထောက်ပံ့မှုဖြင့်) ရှိသည်။ သို့သော် ကိုယ်တိုင်တာဝန်ယူရမည့် အချို့သော ကုန်ကျစာရိတ်လည်းရှိနေသည်။ ဥပမာ ကျောင်းဝတ်စုံခ၊ ကျူရှင်(အထူးသင်)သည့်အခ၊ အထူးလှုပ်ရှားမှုအခ အစရှိသည့် သင်ရိုးညွှန်းတမ်း
- လေ့လာရေးအစီအစဉ်ပေါ်မူတည်၍ ကျောင်းတစ်ခု နှင့် တစ်ခု ကျောင်းလခပေါ်မူတည်၍ သတ်မှတ်ထား သည့်အလိုက်ပေးဆောင်ရပြီး၊
- ကျူရှင်ကြေး၊
- ပညာသင်ယူနေစဉ်အတွင်း လူနေမှုစရိတ်အတွက် ချေးငွေထုတ်ပေးသော ရန်ပုံငွေ (ကော်ယော်စော်) ထံတွင်အသက်မွေးဝမ်းမှု စာရိတ်အတွက်သာ ချေးငွေလျှောက်ထားနိုင်သည်။

## အသက်မွေးဝမ်းမှု ပြုသည့်လမ်းကြောင်း

- လေ့လာရေးခရီးစဉ် အခကြေးငွေသည် သတ်မှတ်ထားသည့်နေရာ သင်ရိုးညွှန်း /ဘာသာအလိုက် ပေါ်မူတည်သည်။
- အချို့သောဘာသာရပ်တွင် တက္ကသိုလ်မှ ထိုက်သင့်သည့် အထောက်ကူပြု ပစ္စည်းများရှိပြီး အချို့သောအသုံးဆောင်များကို ဝယ်ယူဖြည့်စွတ်ရမည်။
- အလုပ်သင်နေစဉ် ဝတ်ဆင်သည့် ဝတ်စုံခ/လုပ်ဆောင်မှုအလိုက် ဝတ်ရသည့် ဝတ်စုံခ ရှိနိုင်သည်။
- အစိုးရ နှင့် ပုဂ္ဂလိက အဖွဲ့စည်းတို့မှ ထောက်ပံ့ပေးမှု များစွာရှိနိုင်ပြီး ဥပမာ သင်ယူလေ့လာနေစဉ် ပညာရေးရန်ပုံငွေ(ကော်စော်စော်) TOYOTA / Isuzu / Honda အစရှိသည့် ကုမ္ပဏီတို့မှ ပညာသင်ဆုအဖြစ်ထောက်ပံ့ပေးမှုရှိသည်။
- ပညာသင်ယူနေစဉ်အတွင်း ပညာသင်စာရိတ် နှင့် လူနေမှုစရိတ်အတွက် ချေးငွေထုတ်ပေးသော ရန်ပုံငွေ (ကော်ယော်စော်) ထံတွင် အသက်မွေးဝမ်းမှု စာရိတ်ချေးရန် လျှောက်ထားနိုင်သည်။

# 15. လူမှုအသိုင်းအဝိုင်းထဲတွင် ရုပ်ပုံဖော်ဆောင်ချက်နှင့် လူထုအမြင်/သဘောထား



## ပုံမှန်(အထွေထွေ)သင်ရိုးစဉ်


### လူမှုအသိုင်းအဝိုင်း၏ မြင်ကွင်းအတွင်း

- လူ့အဖွဲ့အစည်းနှင့် ရင်းနှီးသော "ပင်မလမ်းကြောင်း"
- "တက္ကသိုလ်လမ်းကြောင်း" နှင့် တည်ငြိမ်သော အသက်မွေးဝမ်းကျောင်း အဖြစ် ရှုမြင်သည်။
- အချို့သောနေရာများတွင်ထက် မိဘများက ပိုလက်ခံကြသည်။

### လူမှုအသိုင်းအဝိုင်း၏ ပုံမှန်သဘောထား

- မကြာခဏဆိုသလို "စာတော်သည်" သို့မဟုတ် "စာတတ်ဖို့ ကြိုးစားသူများအတွက် သင့်တော်သည်" ဟု မြင်ကြသည်။
- "သင်ကြားသည့်လူတိုင်းမှာ ရွေးချယ်စရာအများကြီးရှိတယ်" ဟု ယုံကြည်သတ်မှတ်ကြသည်။
- "တက္ကသိုလ်မတက်ရင် အနာဂတ်ကောင်း မရှိနိုင်ဘူး" ဟုလည်း ယုံကြည်ကြသည်။

### အသက်မွေးဝမ်းမှုပြုသည့်လမ်းကြောင်း




**လူမှုအသိုင်းအဝိုင်း၏ မြင်ကွင်းအတွင်းရှိပုံ**

- လုပ်ငန်းခွင်ထဲ မြန်မြန်ဝင်နိုင်သည် သို့မဟုတ် "ကိုယ်ပိုင်အတက်ပညာတစ်ခုခု ရှိထားသည်"ဟုမြင်ကြသည်။
- လက်တွေ့ကျသောစွမ်းရည်ရှိသူ သို့မဟုတ် ရှင်းလင်းတိကျသောပန်းတိုင်ရှိသူ တို့သည် အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့မှ ပံ့ပိုးကူညီမှုပိုမိုရရှိရန်သင့်လျော်ပါသည်။

# လူမှုအသိုင်းအဝိုင်း၏ အမြင်သဘောထား



- “အလုပ် အမြန်လုပ်ကိုင်လိုသူများအတွက် ရွေးချယ်စရာ” ဟုမြင်ကြသည်။
- “အသက်မွေးဝမ်းမှုလမ်းကြောင်းကို အမြန်သင်ယူနိုင်ပြီး လက်တွေ့အသုံးချနိုင်တယ်” ဟုယုံကြည်ကြသည်။
- သူများရှိသလို ပဋိပက္ခပြဿနာများရှိနေသည် ဟုမြင်ကြသူများလည်းရှိသည်။
- အချို့သောအုပ်ထိန်းသူများ သည် "လူမှုရေးပြဿနာများ"ကိုကြောက်နေကြဆဲဖြစ်သည်။



## နိဂုံး

ပညာရေးလမ်းကြောင်း တစ်ခုချင်းစီတွင် လူတစ်ဦးစီ၏ ကိုယ်ပိုင်အကြိုက်၊ ကိုယ်ပိုင်အရည်အချင်းနှင့် ကိုယ်တိုင်ချမှတ်ထားသည့် ရည်မှန်းချက်များ ရှိသောကြောင့် ထူးခြားနေပါသည်။ ကိုယ်တိုင် ရွေးချယ်ထားသော ပညာရေးလမ်းကြောင်းကို သေချာလေ့လာပြီး "နှစ်သက်ရာလမ်းနှင့်၊ အသုံးပြုသည့် လမ်းကြောင်းကိုရွေးချယ်ပါ" မိမိစွမ်းဆောင်ရည်နှင့်ကိုက်ညီမှုရှိမည့် ဆုံးဖြတ်ချက်များချဖို့ သာလိုပါ သည်။ ဘယ်လမ်းကြောင်းကိုရွေးပါစေ လိုရာခရီးကိုပျော်ရွှင်စွာနဲ့ ရှေ့ဆက်လျှောက်လှမ်းနိုင်ပါစေ ဟု ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။

# 16. အသက်မွေးဝမ်းကြောင်းနှင့် ဆက်နွှယ်သည့်ပညာရေးလမ်းကြောင်း



**အသက် 25-31**

- ဒေါက်တာဘွဲ့ (Ph.D ) 5 years
- ↑
- မာစတာဘွဲ့ (M.A) 2 years

**အသက် 23-24, 22, 21, 20, 19**

- တက္ကသိုလ်ဘွဲ့ (B.A) 4 years → မာစတာဘွဲ့ (M.A) 2 years
- အဆင့်မြင့်ဒီပလိုမာ (ပေါ်လီတက်နစ်) Year 1 → အဆင့်မြင့်ဒီပလိုမာ (ပေါ်လီတက်နစ်) Year 2 → တက္ကသိုလ်ဘွဲ့ (B.A) → မာစတာဘွဲ့ (M.A) 2 years

**အသက် 18, 17, 16, 15**

- 15 — အထက်တန်းကျောင်း (မော် 3)
- 16 — အထက်တန်း အလုပ်သင် (ပေါ်လီတက်နစ်) Year 1
- 17 — အထက်တန်း အလုပ်သင် (ပေါ်လီတက်နစ်) Year 2
- 18 — အထက်တန်း အလုပ်သင် (ပေါ်လီတက်နစ်) Year 3
- ↑ တက္ကသိုလ်ဘွဲ့ (B.A) 4 years သို့မဟုတ် အဆင့်မြင့်ဒီပလိုမာ (ပေါ်လီတက်နစ်) Year 1



# 17. ပုံမှန်ပညာရေးဆက်လက်လေ့လာနိုင်သည့် လမ်းကြောင်း



**အသက် 25-31**

- ဒေါက်တာဘွဲ့ (Ph.D ) 5 years
- မာစတာဘွဲ့ (M.A) 2 years

**အသက် 23-24, 22, 21, 20, 19**

- တက္ကသိုလ်ဘွဲ့ (B.A)
  4 years
  5-6 years

- တက္ကသိုလ်ဘွဲ့ (B.A)
- အဆင့်မြင့်ဒီပလိုမာ (ပေါ်လီတက်) Year 2
- အဆင့်မြင့်ဒီပလိုမာ (ပေါ်လီတက်) Year1

**အသက် 18, 17, 16, 15**

- 18 — အထက်တန်းကျောင်း (မော် 6)
- 17 — အထက်တန်းကျောင်း (မော် 5)
- 16 — အထက်တန်းကျောင်း (မော် 4)
- 15 — အထက်တန်းကျောင်း (မော် 3)



## “ တိုင်ကြားရန် ”

အကယ်၍ မက်(ပ်)ဖောင်ဒေးရှင်း၏ဝန်ထမ်း သို့မဟုတ် မက်(ပ်)၏ စေတနာ့ဝန်ထမ်းများ သင့်လျော်မှုမရှိသော လုပ်ရပ်များနှင့်ပတ်သက်ပြီးတွေ့ရှိပါက အောက်တွင်ပေးထားသည့် လိပ်စာအတိုင်း သင်တိုင်ကြားနိုင်ပါသည်။

053 328 134

@mapfoundation

complaint.mapfoundation@gmail.com

W W W . M A P F O U N D A T I O N C M . O R G

MAP@MAPFOUNDATIONCM.ORG @MAPFOUNDATION +66 53 328 134

9/34 MOO 1 ING DOI VILLAGE LIAB KLONG CHONPRATHAN ROAD, CHANG PHUEAK SUBDISTRICT, MUEANG DISTRICT, CHIANG MAI 50300 THAILAND